ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပဲခူးတိုင်းဒေသကြီးလွှတ်တော်

(၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်-၉)

# ပဲခူးတိုင်းဒေသကြီး

# ဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်းဥပဒေ

၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၉)ရက်

# ပဲခူးတိုင်းဒေသကြီး

# ဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်းဥပဒေ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပဲခူးတိုင်းဒေသကြီးလွှတ်တော်

# ပဲခူးတိုင်းဒေသကြီးဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်းဥပဒေ

**(၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ်-၉)**

**၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်**

**၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၉)ရက်**

**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ပဲခူးတိုင်း ဒေသကြီးအတွင်းဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်း ဆောင်ရွက်ရန်အလို့ငှာ ပဲခူးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကိုပဲခူးတိုင်းဒေသကြီး ဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်းဥပဒေဟုခေါ်တွင်စေရမည်။

(ခ) ဤဥပဒေကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေညာ သည့်နေ့မှစ၍ ပဲခူးတိုင်းဒေသကြီးတစ်ဝန်းလုံး၌ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်းပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) တိုင်းဒေသကြီးဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးကို ဆိုသည်၊

(ခ) အစိုးရအဖွဲ့ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုဆိုသည်၊

(ဂ) ဝန်ကြီးဌာနဆိုသည်မှာပဲခူးတိုင်းဒေသကြီးသစ်တောနှင့်သတ္တုဝန်ကြီးဌာနကိုဆိုသည်၊

(ဃ) ဝန်ကြီးဆိုသည်မှာ ဆားနှင့်ဆားထွက်ပစ္စည်းလုပ်ငန်းကိစ္စရပ်များကို တာဝန်ပေးအပ်ခံရသောပဲခူးတိုင်းဒေသကြီးသစ်တောနှင့်သတ္တုဝန်ကြီးဌာနဝန်ကြီးကိုဆိုသည်၊

(င) မြန်မာ့ဆားလုပ်ငန်းဆိုသည်မှာ ပြည်ထောင်စုအစိုးရ သတ္တုတွင်းဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းကို ဆိုသည်၊

(စ) တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီဆိုသည်မှာ အစိုးရအဖွဲ့က သင့်လျော်သောပုဂ္ဂိုလ်များဖြင့် တာဝန်ပေးဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်၊

(ဆ) စစ်ဆေးရေးအဖွဲ့ဆိုသည်မှာ ဆားသို့မဟုတ် ဆားထွက်ပစ္စည်း ထုတ်လုပ်မှုကိုစစ်ဆေးရန် ဝန်ကြီးက တာဝန်ပေးအပ်သော မြန်မာ့ဆားလုပ်ငန်းမှ ဝန်ထမ်း သို့မဟုတ် အခြားဌာနမှ ဝန်ထမ်းများပါဝင်သော အနည်းဆုံးအဖွဲ့ဝင် သုံးဦးဖြင့်ဖွဲ့စည်းသည့်အဖွဲ့ကို ဆိုသည်၊

(ဇ) ဆားဆိုသည်မှာ ပင်လယ်ရေ၊ မြေအောက်ရေငန်၊ အင်း၊ အိုင်၊ စိမ့်၊စမ်း၊ ကန်၊ တွင်းရေနှင့် သဲမြေတို့ကို အသုံးပြုပြီး ထုတ်ယူရရှိသော ဆိုဒီယမ်ကလိုရိုဒ်ကို ဆိုသည်။ ယင်းစကားရပ်တွင် သဘာဝအလျောက် မြေပေါ်မြေအောက်တွင် ဖြစ်ပေါ်တည်ရှိသော ဆိုဒီယမ်ကလိုရိုဒ်လည်းပါဝင်သည်၊

(ဈ) ဆားထွက်ပစ္စည်းဆိုသည်မှာ အပိုဓာတ်ဆားကိုဆိုသည်။ဆားကို အခြားဓာတုပစ္စည်းများ နှင့်ပေါင်းစပ်၍ ထုတ်ယူရရှိသော ဓာတ်ဆားအမျိုးမျိုးကိုလည်းကောင်း၊ ဆားထုတ်ယူပြီး ကျန်ရှိသည့် ကြက်တက်ရည်မှ ထုတ်ယူရရှိသော ဓာတ်ဆား အမျိုးမျိုးကိုလည်းကောင်း၊ ပင်လယ်ရေ၊ မြေအောက်ရေငန်၊ အင်း၊ အိုင်၊ စိမ့်၊စမ်း၊ ကန်၊ တွင်းရေနှင့် သဲမြေတို့ကို အသုံးပြုပြီး ထုတ်ယူရရှိသော ဆိုဒီယမ်နှင့် ပိုတက်စီယမ်ဓာတ်ဆားအမျိုးမျိုးကိုလည်းကောင်း ဆိုသည်။ယင်းစကားရပ်တွင် ရေမှော်အမျိုးမျိုးတို့မှ ထုတ်ယူရရှိသော ဓာတုပစ္စည်းအမျိုးမျိုးလည်းပါဝင်သည်၊

(ည) ဆားနယ်မြေဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန် သက်မှတ်ထားသည့် ဆားနှင့်ဆားထွက်ပစ္စည်းများထုတ်လုပ်နိုင်သော နယ်မြေကို ဆိုသည်၊

(ဠ) လိုင်စင်ဆိုသည်မှာ စီးပွားရေးလုပ်ငန်းအလို့ငှာ ဆားနှင့် ဆားထွက်ပစ္စည်းများ ထုတ်လုပ်ခွင့်ပြုသည့် ခွင့်ပြုမိန့်ကိုဆိုသည်၊

(ဍ) ထုတ်လုပ်ခြင်းဆိုသည်မှာ ဆား သို့မဟုတ် ဆားထွက်ပစ္စည်းများကို သဘာဝအားဖြင့် လည်းကောင်း၊ နေလှန်းခြင်းဖြင့်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်လည်း ကောင်းထုတ်လုပ်ခြင်းကိုဆိုသည်။ယင်းစကားရပ်တွင် ဆားကြိတ်ခွဲသန့်စင်ခြင်း လုပ်ငန်းလည်းပါဝင်သည်၊

(ဎ) **ပဲခူးတိုင်းဒေသကြီးမြန်မာ့ဆားလုပ်ငန်း** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ သတ္တုတွင်း ဝန်ကြီးဌာနလက်အောက်ရှိ ပဲခူးတိုင်းဒေသကြီး၊ မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒ ပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းကိုဆိုသည်။

## **အခန်း(၂)**

## **ရည်ရွယ်ချက်**

၃။ ဤဥပဒေကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) သစ်တောပြုန်းတီးမှု မရှိစေရေးအတွက် သဘာဝနည်းဖြင့်လည်းကောင်း၊ နေလှန်းသည့် နည်းဖြင့်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်လည်းကောင်း ဆားကိုထုတ်လုပ်စေရန်၊

(ခ) ဆားထုတ်လုပ်မှုပမာဏ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်စေရန်၊

(ဂ) ဆားနှင့်ဆားထွက်ပစ္စည်း ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ဆားထုတ်လုပ်နိုင်သည့် နယ်မြေ ဒေသများကို တိုးချဲ့ သတ်မှတ်ပေးရန်၊

(ဃ) ဆားနှင့်ဆားထွက်ပစ္စည်းထုတ်လုပ်မှု တိုးတက်ရေး၊ အရည်အသွေးကောင်းမွန်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံရေး၊ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေးနှင့် ပုဂ္ဂလိကဆားထုတ်လုပ်မှု တိုးတက်စေရေးအတွက် ပံ့ပိုးကူညီရန်၊

(င) ဆားနှင့်ဆားထွက်ပစ္စည်းများကို ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေးအတွက် ဆောင်ရွက်ရန်၊

(စ) သုတေသနပြုလုပ်ရာမှရရှိသော ဆားပိုမိုထုတ်လုပ်နိုင်သည့် နည်းလမ်းနှင့် ဆားထွက်ပစ္စည်းထုတ်လုပ်နိုင်သည့် နည်းပညာရပ်များကို ဆားထုတ်လုပ်သူ ပုဂ္ဂလိကလုပ်ငန်းရှင် များအား ဖြန့်ဖြူးရန်။

## အခန်း(၃)

## ကော်မတီဖွဲ့စည်းခြင်း

၄။ ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် -

(က) တိုင်းဒေသကြီး မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ဒုတိယအထွေထွေမန်နေဂျာက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တိုင်းဒေသကြီး၊ မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း မန်နေဂျာက အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများ၏ အကြီးအမှူးများမှ အဖွဲ့ဝင်အဖြစ် လည်းကောင်းပါဝင်သော ကော်မတီကို ဖွဲ့စည်းရမည်၊

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းထားသော တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီအား အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်၊

(ဂ) ဝန်ကြီးသည် တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သက်မှတ်နိုင်သည်။

## အခန်း(၄)

## လိုင်စင်လျှောက်ထားခြင်း

၅။ ဆား သို့မဟုတ် ဆားထွက်ပစ္စည်းကို စီးပွားဖြစ်ထုတ်လုပ်လိုသူသည် တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လိုင်စင်လျှောက်ထားရမည် ။

၆။ တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီသည် ပုဒ်မ(၅)ပါ လျှောက်လွှာများနှင့် စပ်လျဉ်း၍-

(က) သတ်မှတ်ထားသည့် စည်းကမ်းများနှင့် ညီညွတ်မှုရှိ၊မရှိ စစ်ဆေးတင်ပြစေရန် သက်ဆိုင်ရာစစ်ဆေးရေးအဖွဲ့အား တာဝန်ပေးအပ်နိုင်သည်၊

(ခ) သတ်မှတ်ထားသည့်စည်းကမ်းများနှင့်အညီ ညီညွတ်ကြောင်းတွေ့ရှိပါက ဝန်ကြီး၏ သဘောတူညီချက်ဖြင့်လိုင်စင်ထုတ်ပေးနိုင်သည်။

၇။ (က) တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီသည်ဝန်ကြီး၏ သဘောတူညီချက်ဖြင့် မိသားစု စားသုံးရန်ဆားထုတ်လုပ်နိုင်သည့်ပမာဏကိုသတ်မှတ်နိုင်သည်၊

(ခ) မိသားစုစားသုံးရန် ဆားထုတ်လုပ်ခြင်းအတွက် လိုင်စင်ရယူရန်မလို။

၈။ လိုင်စင်သက်တမ်းသည် အစိုးရအဖွဲ့၏လမ်းညွှန်မှုအရ သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘော တူညီချက်ဖြင့် တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီက သတ်မှတ်သည့်အတိုင်းဖြစ်စေရမည်။

## အခန်း(၅)

## လိုင်စင်ရရှိသူ၏တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ

၉။ လိုင်စင်ရရှိသူသည် အောက်ပါအခွန်အခများအနက် ပေးဆောင်ရန်ရှိသော အခွန်အခများကို ဝန်ကြီး၏သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီက သတ်မှတ်ထားသည့် နည်း လမ်းအတိုင်း ပေးဆောင်ရမည် -

(က) လိုင်စင်ခ

(ခ) လိုင်စင်အသစ်လဲလှယ်ကြေး

(ဂ) ရက်လွန်ကြေး

၁၀။ လိုင်စင်ရရှိသူသည်-

(က) လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာရမည့်အပြင် တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီက ထုတ်ပြန်သည့်စည်းကမ်းချက်များကိုလည်း လိုက်နာရမည်၊

(ခ) ထုတ်လုပ်မှုစာရင်းဇယားများကို သတ်မှတ်ချက်နှင့်အညီ ထားရှိရမည်၊

(ဂ) တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီနှင့် စစ်ဆေးရေးအဖွဲ့က တောင်းခံသော စာရင်းဇယားများကိုလည်းတင်ပြရမည်၊

(ဃ) စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးခြင်းကို ခံယူရမည်။

၁၁။ လိုင်စင်ရရှိသူ၏ဆောင်ရွက်နိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဆား သို့မဟုတ် ဆားထွက်ပစ္စည်းပိုမိုထုတ်လုပ်နိုင်ရေးနှင့် အရည်အသွေးမြင့်မားရေးအတွက် ပဲခူးတိုင်းဒေသကြီး မြန်မာ့ဆားလုပ်ငန်းက ဖြန့်ဖြူးပေးသောနည်းလမ်းနှင့်နည်းပညာရပ် များရယူခြင်း၊

(ခ) ထုတ်လုပ်သော ဆား သို့မဟုတ် ဆားထွက်ပစ္စည်းကို ပြည်တွင်း၌လွတ်လပ်စွာရောင်းချ နိုင်ခွင့်ရှိခြင်း၊

(ဂ) ထုတ်လုပ်သောဆားသို့မဟုတ် ဆားထွက်ပစ္စည်းကို ပြည်ပသို့သတ်မှတ်ချက်နှင့်အညီတင်ပို့ ရောင်းချနိုင်ခွင့်ရှိခြင်း၊

(ဃ) ပြည်ပသို့ ရောင်းချရာမှရရှိသော နိုင်ငံခြားငွေဖြင့် ဆား သို့မဟုတ် ဆားထွက်ပစ္စည်းထုတ်လုပ်ရာတွင် လိုအပ်သော ဓာတုပစ္စည်းနှင့် လုပ်ငန်းသုံး ပစ္စည်း ကိရိယာများကိုသတ်မှတ်ချက်နှင့်အညီ ဝယ်ယူတင်သွင်းခွင့်ရှိခြင်း၊

(င) နှစ်ရှည်လိုင်စင်လျှောက်ထားခွင့်ရှိခြင်း၊

(စ) ဆား သို့မဟုတ် ဆားထွက်ပစ္စည်း ပိုမိုထုတ်လုပ်နိုင်ရေးအတွက် လုပ်ငန်းတိုးချဲ့လုပ်ကိုင်လိုပါက ဝန်ကြီး၏ ခွင့်ပြုချက်ရယူပြီး ဆောင်ရွက်ခွင့်ရှိခြင်း။

## အခန်း(၆)

## ဝန်ကြီး၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၂။ ဝန်ကြီး၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ခ) ဆား သို့မဟုတ် ဆားထွက်ပစ္စည်းထုတ်လုပ်နိုင်မှုကို အခြေခံ၍ လိုင်စင်ခသတ်မှတ်ခြင်း၊

(ဂ) လိုင်စင်သက်တမ်းသတ်မှတ်ပေးခြင်း၊

(ဃ) လိုင်စင်အသစ်လဲလှယ်ပေးခြင်း၊

(င) ဆား သို့မဟုတ် ဆားထွက်ပစ္စည်းထုတ်လုပ်နိုင်သည့် ဆားနယ်မြေများကို တိုးချဲ့သတ်မှတ်နိုင်ရန်ဆောင်ရွက်ခြင်း၊

(စ) ဆားထုတ်လုပ်သည့် နည်းလမ်းများနှင့် ဆားထွက်ပစ္စည်း ထုတ်လုပ်နိုင်သည့် နည်းပညာရပ်များကို လိုင်စင်ရရှိသူများအား ဖြန့်ဖြူးပေးခြင်း၊

(ဆ) ဆားနှင့် ဆားထွက်ပစ္စည်းထုတ်လုပ်မှုတိုးတက်ရေး ၊ အရည်အသွေးကောင်းမွန်ရေး၊ ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ဈေးနှုန်းချိုသာစွာ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် လိုင်စင်ရရှိသူများအား ပံ့ပိုးကူညီခြင်း၊

(ဇ) တိုင်းဒေသကြီး မြန်မာ့ဆားလုပ်ငန်းမှ ဝန်ထမ်းများကို စစ်ဆေးရေး အဖွဲ့များအဖြစ် တာဝန်ပေးအပ်ခြင်း၊ လိုအပ်ပါက အခြားဌာနမှ ဝန်ထမ်းများကိုလည်း စစ်ဆေးရေး အဖွဲ့အဖြစ် တာဝန်ပေးအပ်နိုင်ရန် သက်ဆိုင်ရာဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) စစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(ည) ဆား သို့မဟုတ် ဆားထွက်ပစ္စည်းကို ပိုမိုထုတ်လုပ်နိုင်ခြင်း၊ ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ခံရသောဒေသများတွင် ဆား သို့မဟုတ် ဆားထွက်ပစ္စည်း ထုတ်လုပ်ခြင်းတို့ကို ထောက်ရှု၍ လိုင်စင်ကြေးလျှော့ပေါ့ ကောက်ခံ ခြင်း၊

(ဠ) ဝန်ကြီး၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး မြန်မာ့ဆားလုပ်ငန်း ကြီးကြပ်မှုကော်မတီသည် ဆားပိုမိုထုတ်လုပ်နိုင်ရေးကိုရှေးရှု၍ နှစ်ရှည်လိုင်စင်ထုတ်ပေးခြင်း၊

(ဋ) ထုတ်လုပ်သောဆားများ စားသုံးရန် သင့်၊မသင့် ကို စစ်ဆေးစေခြင်း၊

(ဌ) နေလှန်းဆားထုတ်လုပ်ရေးအတွက် ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း။

၁၃။ ဝန်ကြီးသည် မိမိ၏လုပ်ပိုင်ခွင့်ကို တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

## အခန်း(၇)

## စစ်ဆေးခြင်းနှင့်အရေးယူခြင်း

၁၄။ စစ်ဆေးရေးအဖွဲ့သည် -

(က) မိမိတာဝန်ယူသော နယ်မြေဒေသတွင်ဖြစ်စေ၊ သီးခြားတာဝန်ပေးအပ်သော နယ်မြေဒေသတွင်ဖြစ်စေ ဆားသို့မဟုတ် ဆားထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများကို ဝင်ရောက်ကြည့်ရှု စစ်ဆေးခွင့်ရှိသည်၊

(ခ) လိုင်စင်ရရှိသူထံမှ ထုတ်လုပ်မှုနှင့်သက်ဆိုင်သော စာရင်းအင်းများကို တောင်းယူကြည့်ရှု စစ်ဆေးခွင့်ရှိသည်၊

(ဂ) ဆား သို့မဟုတ် ဆားထွက်ပစ္စည်းနမူနာရယူခြင်းနှင့် လိုအပ်ပါက ဓာတ်ခွဲစစ်ဆေးခြင်း ပြုနိုင်သည်၊

(ဃ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူအား လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်ရမည်၊

(င) လိုင်စင်မရှိဘဲ ဆား သို့မဟုတ် ဆားထွက်ပစ္စည်းထုတ်လုပ်သည်ကို စစ်ဆေးတွေ့ရှိပါ က သက်သေခံပစ္စည်းများကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်း ချက်များနှင့်အညီ သိမ်းဆည်းရမည်၊

(စ) မိမိတာဝန် ဝတ္တရားများကို ဆောင်ရွက်ရာတွင် လိုအပ်ပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကိုတောင်းခံရယူနိုင်သည်။

## အခန်း(၈)

## တားမြစ်ချက်နှင့်ပြစ်ဒဏ်

၁၅။ မည်သူမျှ လိုင်စင်မရှိဘဲ ဆား သို့မဟုတ် ဆားထွက်ပစ္စည်းကို စီးပွားဖြစ်ထုတ်လုပ်ခြင်း မပြုရ။

၁၆။ လိုင်စင်ရရှိသူသည် -

(က) ထင်း သို့မဟုတ် မီးသွေးဖြင့် ဆားထုတ်လုပ်ခြင်းမပြုရ၊

(ခ) လိုင်စင်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ၊

(ဂ) တိုင်းဒေသကြီး ကြီးကြပ်မှု ကော်မတီက ထုတ်ပြန်သည့် စည်းကမ်းချက်များကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။

၁၇။ မည်သူမဆို ပုဒ်မ ၁၅ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ပါက အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ကြေးငွေကို ချမှတ်ခြင်းခံရမည် -

(က) ပထမအကြိမ် ကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံး ကျပ်ငါးသောင်းမှ အများဆုံး ကျပ်တစ်သိန်းထိ ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ခ) ထပ်မံကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းထိ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

၁၈။ လိုင်စင်ရရှိသူသည် ပုဒ်မ ၁၆ ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ပါက အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ကြေးကို ချမှတ်ခြင်းခံရမည် -

(က) ပထမအကြိမ် ကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံး ကျပ်ငါးသောင်းထိ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ခ) ထပ်မံကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံး ကျပ်ငါးသောင်း မှ အများဆုံးကျပ်နှစ်သိန်းထိ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

၁၉။ ပုဒ်မ ၁၇ သို့မဟုတ် ၁၈ ပါ စီမံခန့်ခွဲရေးဆိုင်ရာ ဒဏ်ကြေးငွေကို တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီက ချမှတ်ရမည်။

၂၀။ တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီသည် ပုဒ်မ ၁၇ အရ အမိန့်ချမှတ်ရာတွင် တင်ပြထားသော သက်သေခံပစ္စည်းများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စီမံခန့်ခွဲခွင့်ရှိသည်။

## အခန်း(၉)

## အယူခံခြင်း

၂၁။ တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံအယူခံနိုင်သည်။

၂၂။ ဝန်ကြီးသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီက ချမှတ်သည့်အမိန့်သို့မဟုတ် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) အတည်ပြုခြင်း၊

(ခ) ပြင်ဆင်ခြင်း၊

(ဂ) ပြန်လည်စစ်ဆေးခြင်း။

၂၃။ ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း(၁၀)

## အထွေထွေ

၂၄။ ပဲခူးတိုင်းဒေသကြီး မြန်မာ့ဆားလုပ်ငန်းသည် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ဆား၊ဆားထွက်ပစ္စည်းကို ဖက်စပ်ထုတ်လုပ်ရေးအတွက် တည်ဆဲ ဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်သည်။

၂၅။ ဤဥပဒေပါပြဋ္ဌာန်းချက်များသည် မြန်မာ့ဆားလုပ်ငန်းက ဆောင်ရွက်သည့် ဆား၊ ဆားထွက်ပစ္စည်းနှင့် ဓာတုပစ္စည်းများထုတ်လုပ်သည့် လုပ်ငန်းများနှင့် မသက်ဆိုင်စေရ။

၂၆။ တိုင်းဒေသကြီး မြန်မာ့ဆားလုပ်ငန်းသည် ရရန်ရှိသောလိုင်စင်ခ၊ ရက်လွန်ကြေးနှင့် ဒဏ်ကြေးငွေတို့ကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ ကောက်ခံရမည်။

၂၇။ တည်ဆဲဆားလုပ်ငန်းဥပဒေအရ ထုတ်ပြန်ခဲ့သောနည်းဥပဒေများ၊ အမိန့်ဆင့်ဆိုချက်များ၊ အမိန့်နှင့်ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ဆက်လက်ကျင့်သုံးနိုင်သည်။

၂၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရန် -

(က) ဝန်ကြီးသည် ဤဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊အမိန့် ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) တိုင်းဒေသကြီး ကြီးကြပ်မှုကော်မတီသည် ဤဥပဒေနှင့် သက်ဆိုင်သည့် စည်းမျဉ်း၊ စည်းကမ်းများကို ဝန်ကြီး၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဉာဏ်ဝင်း

ဝန်ကြီးချုပ်

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့